ကျန်းမာရေးနှင့် ညီညွတ်သော အိမ်များ ဌာနစိတ်

PO Box 30037, Suite 410
Lansing, MI48933
517-335-9390

# ခဲသတ္တုပါသော အိမ်သုတ်ဆေး ဘေးအန္တရာယ် စိစစ်အကဲဖြတ်ချက်မှ သင့်အနေဖြင့် မျှော်မှန်းလို့ရနိုင်သောအရာ

## ခဲသတ္တုအခြေခံထားသော အိမ်သုတ်ဆေး ဘေးအန္တရာယ် စိစစ်အကဲဖြတ်ချက်ဆိုသည်မှာ အဘယ်နည်း။

မီရှီဂန်ဥပဒေအရ ခဲသတ္တုအခြေခံထားသော အိမ်သုတ်ဆေး ဘေးအန္တရာယ် စိစစ်အကဲဖြတ်ချက်ကို "*ခဲသတ္တုအခြေခံထားသော အိမ်သုတ်ဆေး ဘေးရန်များ ရှိခြင်း၊ အမျိုးအစား၊ ပြင်းထန်မှုနှင့် တည်နေရာကို စူးစမ်းဖို့ တည်နေရာအတွင်း လေ့လာစစ်ဆေးချက်အပြင် ဘေးအန္တရာယ် စိစစ်အကဲဖြတ်ချက်ကို ဆောင်ရွက်ပြီး စစ်ဆေးချက်၏ ရလဒ်များနှင့် ခဲသတ္တုအခြေခံထားသော အိမ်သုတ်ဆေး ဘေးရန်များ လျှော့ချဖို့ နည်းလမ်းများကို ရှင်းပြပေးမည့် လူတစ်ဦးတစ်ယောက်အားဖြင့် အစီရင်ခံစာ ပေးခြင်း*"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည် (ဖုန်၊ မြေကြီးနှင့် ရေအတွင်းရှိသော ဘေးရန်အဆင့်များကို သိရှိရဖို့အတွက် ဇယားကွက် ၁နှင့်၂ကို ကြည့်ပါ)။ ကလေးငယ်များအတွက် အိမ် (သို့) တိုက်ခန်းမှာ ခဲသတ္တုဘေးဒဏ် ကင်းဝေးကြောင်း (သို့) မကင်းဝေးကြောင်း ပြသဖို့ ဘေးအန္တရာယ် စိစစ်အကဲဖြတ်ချက်ကို ဆောင်ရွက်ပါသည်။ တွေ့ရှိထားသော ခဲသတ္တုပါဝင်သည့် အိမ်သုတ်ဆေး ဘေးအန္တရာယ်တိုင်းအတွက် ပြုပြင်ဖို့ ဆောင်ရွက်ရမည့် အရာကိုလည်း ၎င်းက ပြောပြပါသည်။ ဘေးအန္တရာယ် စိစစ်အကဲဖြတ်ချက်တစ်ခုတည်းဖြင့် အိမ် (သို့) တိုက်ခန်းတစ်ခုအတွင်းရှိ ခဲသတ္တုပါဝင်သော အိမ်သုတ်ဆေး မျက်နှာပြင်များအားလုံးကို ဖော်ထုတ်ပြလိမ့်မည် မဟုတ်ပါ။ ခဲသတ္တုပါဝင်သော အိမ်သုတ်ဆေး စစ်ဆေးချက်နှင့် ဘေးအန္တရာယ် စိစစ်အကဲဖြတ်ချက် နှစ်ခုပေါင်းပြီး ဆောင်ရွက်ခြင်းက ခဲသတ္တုအခြေခံထားသော အိမ်သုတ်ဆေးအားလုံးနှင့် ၎င်းတို့၏ ဘေးရန်များအားလုံးကို ဖော်ထုတ်ပေးမည် ဖြစ်သည်။

## ဘေးအန္တရာယ် စိစစ်အကဲဖြတ်ခြင်းကို ဘယ်သူက ဆောင်ရွက်နိုင်ပါသလဲ။

မီရှီဂန် ကျန်းမာရေးနှင့် လူမှုဝန်ဆောင်မှုများဌာန (MDHHS) မှ တရားဝင် ထောက်ခံထားသော လူပုဂ္ဂိုလ်မှသာ ခဲသတ္တုပါဝင်မှု ဘေးအန္တရာယ် စိစစ်အကဲဖြတ်ချက်ကို ဆောင်ရွက်နိုင်ပါသည်။ အိမ်ခြံမြေအကျိုးဆောင်ပုဂ္ဂိုလ်အနေဖြင့် MDHHS ၏ ထောက်ခံချက် မရရှိထားပါက ဤဝန်ဆောင်မှုကို ဆောင်ရွက်ပေးလို့မရပါ။ မီရှီဂန်ပြည်နယ်၏ ထောက်ခံချက်ရရှိထားသော လူများကို တရားဝင်ထောက်ခံကြောင်း ကတ်ပြားတစ်ခု ပေးမည်ဖြစ်ပြီး ၎င်းတွင် ထိုသူ၏ ဓာတ်ပုံ၊ အမည်၊ ထောက်ခံချက်နံပါတ်နှင့် သက်တမ်းကုန်ဆုံးမည့် နေ့စွဲ ပါဝင်ပါမည်။ (၅၁၇)၃၃၅-၉၃၉၀ (သို့မဟုတ်) ဖုန်းခေါ်ဆိုခ မပေးရသော (၈၆၆)၆၉၁-LEAD ကို ခေါ်ဆိုခြင်းဖြင့် လူတစ်ဦးတစ်ယောက်၏ ထောက်ခံချက်အခြေအနေကို အတည်ပြုနိုင်ပါသည်။ ထို့အပြင် ဤသတင်းအချက်အလက်ကို ဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.mi.gov/leadsafe တွင် စာရင်းပြုစုထားပါသည် (သို့မဟုတ်) လူတစ်ဦးတစ်ယောက်ကို www7.dleg.state.mi.us/free တွင် အတည်ပြုနိုင်ပါသည်။

## ဘေးအန္တရာယ် စိစစ်အကဲဖြတ်ချက်ကို ဘယ်လိုဆောင်ရွက်ပါသလဲ။

ဘေးအန္တရာယ် စိစစ်အကဲဖြတ်သူက ကွာကျ၊ အက်ကွဲ၊ ကျိုးပဲ့ (သို့) ထုံးဖြူသားပေါ်နေသော အိမ်သုတ်ဆေးသား အပိုင်းတိုင်းကို ရှာဖွေရန် အိမ် (သို့) တိုက်ခန်းအတွင်း ကြည့်ရှုစစ်ဆေးပါလိမ့်မည်။ သူက အဆိုပါအိမ်သုတ်ဆေးသား ညှိဖျင်းသည့် အတိုင်းအတာနှင့် အကြောင်းရင်းများကို စူးစမ်းစိစစ်ပြီး အခြားသော ခဲသတ္တုပါဝင်သည့် အိမ်သုတ်ဆေး ဘေးရန်များကို ဆန်းစစ်သုံးသပ်မည် ဖြစ်သည်။ ဘေးအန္တရာယ် စိစစ်အကဲဖြတ်သူက အဆောက်အဦး၏ ရုပ်ပိုင်းဆိုင်ရာ

အခြေအနေနှင့်စပ်လျဉ်း၍ နောက်ခံအကြောင်းအချက်များအပြင် ခဲသတ္တုပါဝင်သော အိမ်သုတ်ဆေး ဘေးရန်များနှင့် ထိတွေ့စေနိုင်မည့် အိမ် (သို့) တိုက်ခန်းအတွင်း နေထိုင်သူများ၏ အသုံးပြုပုံစံများကို စုစည်းကောက်ခံပါမည်။

မိသားစုတစ်စုနေထိုင်ရာ နေအိမ်တွင် ဘေးအန္တရာယ် စိစစ်အကဲဖြတ်သူသည် ယိုယွင်းပျက်စီးနေသော အိမ်သုတ်ဆေးသား၊ အရောင်တင်ဆီခဲ၊ အရောင်တင်ဆီ (သို့) အရောင်တင်ဆိုးဆေး ရှိသော မျက်နှာပြင်တစ်ခုစီပေါ်တွင် ခဲသတ္တုဓာတ် ပါဝင်မှုကို စစ်ဆေးသင့်ပါသည်။ တစ်ဦးချင်းအနေဖြင့် အခြားမျက်နှာပြင်တစ်ခုခုတွင်လည်း ခဲသတ္တုပါဝင်သော အိမ်သုတ်ဆေး ဘေးရန်ဖြစ်နိုင်ခြေ ရှိမရှိ စူးစမ်းလေ့လာဖို့ရာ ခဲသတ္တုပါဝင်မှုကို စစ်ဆေးသင့်ပါသည်။ အခြားမျက်နှာပြင်များဟုဆိုရာတွင် ပြတင်းပေါက်များ၏ ပွတ်တိုက်မှုများရာ မျက်နှာပြင်များနှင့် တံခါးများ၊ တံခါးဘောင်များ ဖွင့်ပိတ်လုပ်စဉ် ပွတ်ဆွဲဖိမိနိုင်သည့် မျက်နှာပြင်များ ပါဝင်နိုင်ပါသည်။ နေ့ကလေးထိန်းကျောင်းစင်တာများ၊ မူကြိုကျောင်းများ (သို့) မူကြိုကျောင်း စာသင်ခန်းများတွင် ဘေးအန္တရာယ် စိစစ်အကဲဖြတ်သူအနေဖြင့် စာသင်ခန်းများ၊ မုန့်စျေးတန်းများနှင့် အားကစားခန်းမများကဲ့သို့သော ကလေးငယ်များ အသုံးပြုသည့် အခန်းများကို စစ်ဆေးသင့်ပါသည်။ သူတို့အနေဖြင့် ကလေးများ ကစားသည့် ကစားကွင်း ပစ္စည်းကိရိယာများနှင့် မြေသားကိုလည်း စစ်ဆေးသင့်ပါသည်။

မိသားစုတစ်စု နေထိုင်ရာ အိမ်တွင် ကလေးငယ်များအနေဖြင့် ဖုန်များနှင့် ထိတွေ့နိုင်ခြေအရှိဆုံးသော အိမ်အတွင်းဧရိယာအားလုံး (အနည်းဆုံး ၆ခန်း) ရှိ ပြတင်းပေါက်နှင့် ကြမ်းပြင်မှ ဖုန်နမူနာပုံစံများကို ဘေးအန္တရာယ် စိစစ်အကဲဖြတ်သူက စုစည်းယူထားသင့်ပါသည်။ တိုက်ခန်းများတွင် ယိုယွင်းပျက်စီးသော အိမ်သုတ်ဆေးသားကို စစ်ဆေးသင့်ပြီး အဆိုပါတိုက်ခန်းများမှ ယူထားသော ဖုန်နမူနာပုံစံများကို စစ်ဆေးသင့်ပါသည်။ ကလေးငယ်များအနေဖြင့် ခဲသတ္တုဓာတ်ပါဝင်သော ညစ်ညမ်းဖုန်များနှင့် ထိတွေ့နိုင်ခြေရှိသော အိမ်ဦးခန်းများ၊ လှေကားများနှင့် အဝတ်လျှော်အခန်းများကဲ့သို့သော အများသုံးဧရိယာများကိုလည်း စစ်ဆေးသင့်ပါသည်။

ဘေးအန္တရာယ် စိစစ်အကဲဖြတ်ဖို့အတွက် အိမ်သုတ်ဆေးသား၊ ဖုန်နှင့် မြေသားကို စစ်ဆေးရန် လိုအပ်ပါသည်။ ရေကို စစ်ဆေးပေးဖို့ မိမိသဘောပင် ဖြစ်သော်လည်း တောင်းဆိုရမည် ဖြစ်သည်။ စစ်ဆေးချက်အားလုံးအတွက် ဘေးအန္တရာယ် စိစစ်အကဲဖြတ်သူအနေဖြင့် အမေရိကန်ပြည်ထောင်စု အိမ်ရာနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဌာန www.hud.gov/lead နှင့်/သို့မဟုတ် အမေရိကန်ပြည်ထောင်စု ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး အေဂျင်စီ (EPA) www.epa.gov/lead တို့မှ ထောက်ခံအတည်ပြုထားသော ခဲသတ္တုနမူနာယူသည့် နည်းလမ်းများ (သို့) လမ်းညွှန်ချက်များကို အသုံးပြုရမည် ဖြစ်သည်။ ရည်ညွှန်းကိုးကားချက်များကို ၎င်းတို့၏ ဝက်ဘ်ဆိုဒ်များတွင် တွေ့နိုင်ပါသည် (သို့) သင့်အနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော အိမ်များ ဌာနစိတ် www.mi.gov/leadsafe ကို ဝင်ကြည့်နိုင်ပါသည် (သို့) ၅၁၇-၃၃၅-၉၃၉၀ နံပါတ်ကို ခေါ်ဆိုနိုင်ပါသည်။

နိုင်ငံပိုင် ခဲသတ္တု ဓာတ်ခွဲခန်း အတည်ပြုရေး ပရိုဂရမ် (NLLAP) မှတဆင့် EPA ၏ ထောက်ခံအတည်ပြုချက် ရရှိထားသော ဓာတ်ခွဲခန်းမှ အိမ်သုတ်ဆေးသား၊ ဖုန်နှင့် မြေသားနမူနာများကို စိစစ်အကဲဖြတ်ရမည်ဖြစ်သည်။ ဓာတ်ခွဲခန်းများကို www.epa.gov/lead/pubs/nllaplist.pdf တွင် မှန်ကန်ကြောင်း အတည်ပြုနိုင်ပါသည် (သို့) နိုင်ငံပိုင် ခဲသတ္တုဆိုင်ရာ သတင်းအချက်အလက်ပေးရေး စင်တာကို (၈၀၀)၄၂၄-LEAD နံပါတ်ကို ခေါ်ဆိုခြင်းဖြင့် အတည်ပြုနိုင်ပါသည်။

မီချီဂန်ပြည်နယ် ဥပဒေအရ ဘေးအန္တရာယ် စိစစ်အကဲဖြတ်ရေးအတွက် ခဲသတ္တု ပါဝင်မှုကို စူးစမ်းလေ့လာရန် အရောင်ပြောင်းစေသော ခဲသတ္တု ရှာဖွေစစ်ဆေးရေး အသုံးအဆောင်ပစ္စည်းအစုံကို အိမ်သုတ်ဆေး၊ ဖုန် (သို့) မြေသားတွင် အသုံးမပြုနိုင်ပါ။ အဆိုပါအသုံးအဆောင်ပစ္စည်းအစုံတွင် နမူနာပုံစံယူသည့် ပစ္စည်းများ၊ တုတ်ချောင်းများ (သို့) ခဲသတ္တုပါဝင်သော မျက်နှာပြင်နှင့် ထိတွေ့သောအခါ အရောင်ပြောင်းသည့် အရည်အစက်များ ပါဝင်ပါသည်။

## ဘေးအန္တရာယ် စိစစ်အကဲဖြတ်ချက် အစီရင်ခံစာတွင် ဘယ်အရာ ပါဝင်ပါသလဲ။

ဘေးအန္တရာယ် စိစစ်အကဲဖြတ်အနေဖြင့် ဘေးအန္တရာယ် စိစစ်အကဲဖြတ်ချက် အစီရင်ခံစာတစ်ခု ပြင်ဆင်ထုတ်ပြန်ရမည် ဖြစ်သည်။ အဆိုပါအစီရင်ခံစာတွင် အောက်ပါတို့ ပါဝင်ရမည် -

- ခဲသတ္တု စစ်ဆေးလိုက်သော အိမ်ဆေးသုတ်ထားရာ အပိုင်းတစ်ခုစီ၏ တည်နေရာ အတိအကျ။
- အသုံးပြုလိုက်သော စစ်ဆေးရေး ပစ္စည်းကိရိယာများ၏ ရလဒ်များ။
- စုစည်းရယူထားသော အိမ်သုတ်ဆေး၊ မြေသားနှင့် ဖုန်နမူနာပုံစံများကို ဓာတ်ခွဲခန်းအတွင်း စိစစ်အကဲဖြတ်ချက် ရလဒ်များအားလုံး။
- အဆောက်အဦး၏ အခြေအနေနှင့် ကလေးငယ်များကို ခဲသတ္တု ထိတွေ့မိစေနိုင်သော အိမ်အတွင်း နေထိုင်သူများ၏ အသုံးပြုမှုပုံစံများနှင့် စပ်လျဉ်းသော အချက်အလက်တိုင်း။
- ဖော်ထုတ်ရရှိသော ခဲသတ္တုပါဝင်သော အိမ်သုတ်ဆေး ဘေးရန်များနှင့် အခြားဖြစ်နိုင်ခြေရှိသော ဘေးရန်တိုင်း၏ တည်နေရာ၊ အမျိုးအစားနှင့် ပြင်းထန်မှု ဖော်ပြချက်။
- ရှာဖွေတွေ့ရှိသော ဘေးရန်တစ်ခုစီကို ဖယ်ရှားဖို့ ယာယီ နှင့်/သို့မဟုတ် အမြဲတမ်း ဆောင်ရွက်လို့ရသည့် ရွေးချယ်စရာများ ဖော်ပြချက်နှင့် အပြင်းထန်ဆုံးမှသည် ပြင်းထန်မှုအနည်းဆုံးအထိ ရှိသော ဘေးရန်တစ်ခုစီကို ဖယ်ရှားဖို့အတွက် ဦးစားပေးသတ်မှတ်ချက်။ သုတ်ဆေးအလွှာ၊ အိမ်သုတ်ဆေး (သို့) အခန်းဖွဲ့နံရံအကာ (အိမ်အပြင်နံရံအကာ (သို့) အိမ်အတွင်းနံရံအကာ) ကို အကြံပြုသောအခါ အဆိုပါအစီရင်ခံစာတွင် ရွေးချယ်အသုံးပြုစရာတစ်ခုစီအတွက် ပြန်လည်ဆန်းစစ်သုံးသပ်ရေးနှင့် စောင့်ကြည့်လေ့လာရေး အစီအစဉ်ဇယား ဆွဲပေးထားသင့်ပါသည်။ ၎င်းက အိမ်ကို နောက်နောင်တွင် ဘေးကင်းစိတ်ချရကြောင်း အာမခံချက်ပေးနိုင်မည် ဖြစ်သည်။

မီချီဂန်ပြည်နယ် ဥပဒေအရ ဘေးအန္တရာယ်စိစစ်အကဲဖြတ်ချက် အစီရင်ခံစာကို အိမ်ပိုင်ရှင် (သို့) ဝန်ဆောင်မှု တောင်းခံဖို့အတွက် ဆက်သွယ်လာသော လူပုဂ္ဂိုလ်ထံ ရက် ၂၈အတွင်း ပေးရမည်ဖြစ်သည်။ ဘေးအန္တရာယ် စိစစ်အကဲဖြတ်ခြင်းကို ဆောင်ရွက်သည့် လူတစ်ဦးတစ်ယောက်အနေဖြင့် အဆိုပါအစီရင်ခံစာ မိတ္တူတစ်စောင်ကို ဖိုင်ဖြင့် အနည်းဆုံး သုံးနှစ် သိမ်းထားရမည်ဖြစ်သည်။

အိမ်ရာတွင် ကလေးငယ်များ နေထိုင်ရေးအတွက် ခဲသတ္တုဘေးဒဏ် ကင်းဝေး မဝေးကို ဆုံးဖြတ်ရာတွင် အဆိုပါဘေးအန္တရာယ် စိစစ်အကဲဖြတ်ရေး အစီရင်ခံစာက အထောက်အကူဖြစ်ပါလိမ့်မည်။ နေ့ကလေးထိန်းစင်တာများ၊ မူကြိုကျောင်းများ (သို့) မူကြိုကျောင်း စာသင်ခန်းများ စသဖြင့်တို့အတွင်း နေ့ဘက်တွင် ကလေးငယ်များ နေရာယူနေထိုင်ဖို့ရာ ဘေးကင်းစိတ်ချရမှုရှိခြင်းကို စူးစမ်းလေ့လာဖို့ အဆိုပါအဆောက်အဦးများအတွင်း ဘေးအန္တရာယ် စိစစ်အကဲဖြတ်ချက် အစီရင်ခံစာများကို အသုံးပြုနိုင်ပါသည်။ အိမ်ခြံမြေ အရောင်းအဝယ်များ လုပ်ဖို့အတွက် ခဲသတ္တုဓာတ် ပါဝင်မှု ထုတ်ဖော်ပြရေး လိုအပ်ချက်များကိုလည်း ဘေးအန္တရာယ် စိစစ်အကဲဖြတ်ချက်က ဖြည့်ဆည်းပေးနိုင်ပါသည်။

ခဲသတ္တုဓာတ် ပါဝင်မှုကို စစ်ဆေးထားသော နေရာများနှင့် အဆိုပါ စစ်ဆေးချက်၏ ရလဒ်များကို ဘေးအန္တရာယ် စိစစ်အကဲဖြတ်ချက် အစီရင်ခံစာတွင် စာရင်းပြုစုထားရမည်။ ရလဒ်များမှာ တိုင်းတာချက်ယူနစ်များနှင့် ကိန်းဂဏန်းများ ပါဝင်ရမည်ဖြစ်သည်။ ယူနစ်များမှာ အိမ်သုတ်ဆေး၊ ဖုန်၊ မြေသားနှင့် ရေအတွက် ကွဲပြားခြားနားပါသည်။ EPA နှင့် HUD ပြဋ္ဌာန်းချက်များက ခဲသတ္တုအခြေခံထားသော အိမ်သုတ်ဆေးနှင့် ခဲသတ္တုအခြေခံထားသော အိမ်သုတ်ဆေး ဘေးရန်အဆင့်များကို အောက်ပါဇယားကွက်များအတွင်း စာရင်းပြုစုထားသော စံတန်ဖိုးများ၊ တိုင်းတာချက်ယူနစ်များဖြင့် သတ်မှတ်ထားပါသည် -

| ဇယားကွက် ၁ - မြေသားနှင့် ရေအတွက် ခဲဓာတ်ပါဝင်မှု ဘေးရန်အဆင့်များ | |
|---|---|
| **စမ်းသပ်စစ်ဆေးခဲ့သော ပစ္စည်း** | **ခဲဓာတ်မှာ အဆိုပါအဆင့်များတွင် (သို့) အထက်တွင် ရှိနေပါက ဘေးအန္တရာယ်ရှိပါသည်ဟု ယူဆပါသည်** |
| အခြေခံကျသော မြေသား (ကလေးကစားကွင်းနေရာများ) | မြေသားအတွင်း ခဲဓာတ်ပါဝင်မှုသည် တစ်သန်း (ppm) လျှင် ၄၀၀ ဆတွင် (သို့) ၎င်းအထက်တွင် ရှိသည် |
| အခြေခံကျသော မြေသား (အခြားနေရာများ) | ခဲဓာတ်ပါဝင်မှု ၁၂၀၀ ppm (သို့) ၎င်းအထက်တွင် ရှိသည် |
| ရေ | ရေအတွင်း ခဲဓာတ်ပါဝင်မှုသည် တစ်ဘီလီယံ (ppb) လျှင် ၁၅ ဆနှင့် ညီမျှသည် (သို့) ၎င်းအထက်တွင် ရှိသည် |

| ဇယားကွက် ၂ - ဖုန်အတွင်း ခဲဓာတ်ဘေးရန်နှင့် ခွင့်ပြုထားသော ပါဝင်မှုအဆင့်များ | |
|---|---|
| အိမ်အတွင်း ဖုန် (အထပ်များ) | နမူနာယူထားသော ဧရိယာ (ug/ft၂) ၏ စကွဲယားပေတစ်ပေလျှင် ခဲဓာတ် ၄၀ မိုက်ခရိုဂရမ် (သို့) ၎င်းအထက်တွင် ရှိသည် |
| အိမ်အတွင်း ဖုန် (ပြတင်းအောက်ခြေ ဘောင်အစွန်းများ) | ခဲဓာတ်ပါဝင်မှု ၂၅၀ ug/ft2 (သို့) ၎င်းအထက်တွင် ရှိသည် |
| အိမ်အတွင်း ဖုန် (ပြတင်းတံခါး ရေတံလျှောက်များ) | ခဲဓာတ်ပါဝင်မှု ၄၀၀ ug/ft၂ (သို့) ၎င်းအထက်တွင် ရှိသည် |

| ဇယားကွက် ၃ - ခဲသတ္တုဓာတ်အခြေခံထားသော အိမ်သုတ်ဆေး အဓိပ္ပာယ်ဖွင့်ဆိုချက်များ | |
|---|---|
| X-Ray Fluorescence (XRF) စိစစ်အကဲဖြတ်စက်ဖြင့် စစ်ဆေးထားသော အိမ်သုတ်ဆေး | နမူနာပုံစံ ယူထားသော မျက်နှာပြင်ပေါ်တွင် ခဲဓာတ်ပါဝင်မှုမှာ စကွဲယား စင်တီမီတာ ($mg/cm^2$) တစ်ခုလျှင် ၁.၀ မီလီဂရမ်နှင့် ညီမျှသည် (သို့) ၎င်းထက် ပိုများသည် |
| အိမ်သုတ်ဆေး ပွဲထွက်မှု စိစစ်အကဲဖြတ်ချက်ဖြင့် စစ်ဆေးထားသော အိမ်သုတ်ဆေး | ခြောက်သွေ့ပွဲထွက်နေသော အိမ်သုတ်ဆေး၏ အလေးချိန်အရ ခဲဓာတ် ပါဝင်မှုမှာ ၀.၅% (၁ ရာခိုင်နှုန်း၏ တစ်ဝက်) နှင့် ညီမျှသည် (သို့) ထိုထက်ပိုသည် (သို့) အိမ်သုတ်ဆေးအတွင်း ခဲဓာတ်ပါဝင်မှုမှာ တစ်သန်းလျှင် ၅၀၀၀ ဆ (ppm) နှင့် ညီမျှသည် (သို့) ၎င်းထက်ပိုများသည် |

## <u>ဆက်သွယ်ရန် အချက်အလက်</u>

ကျန်းမာရေးနှင့် ညီညွတ်သော အိမ်များ ဌာနစိတ် (၈၆၆)၆၉၁-၅၃၂၃ (သို့) (၅၁၇)၃၃၅-၉၃၉၀ နံပါတ်ကို ခေါ်ဆိုခြင်းဖြင့် လုပ်ငန်းခွင်အတွင်း မမှန်ကန်သော လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ တိုင်ကြားနိုင်ပါသည်။

***မှတ်ချက် - ဤစာရွက်စာတမ်းကို အိမ်ပိုင်ရှင် အသိပညာတိုးပွားရေးအတွက် ရည်ရွယ်ထုတ်ဝေပါသည်။ မီချီဂန်ပြည်နယ်၏ ခဲသတ္တုဓာတ် ဥပဒေများ၊ စည်းမျဉ်းများနှင့်ပတ်သက်သော အချက်အလက် အပြည့်အစုံကို အထက်တွင် စာရင်းပြုစုထားသော ဝက်ဘ်ဆိုဒ်တွင် ရရှိနိုင်ပါသည်။***

ပရိုဂရမ်၏ ဝက်ဘ်ဆိုဒ်လိပ်စာမှာ www.michigan.gov/leadsafe ဖြစ်သည်။

စာပေးပို့ရန် လိပ်စာ - MDHHS - Healthy Homes Section, P.O. Box 30037, Suite 410, Lansing, Michigan 48933